တောင်ပို့ကျေးရွာ

ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်ပို့ကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီဆောင်ရွက်သည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	တောင်ပို့ကျေးရွာ သယံဇာတပြဓေမြေပုံ၊ ထားဝယ်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံ စိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၇
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၈
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၉
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၉
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၀
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၃
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၄
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၁
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၅၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့်

လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက်အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်ပို့ကျေးရွာ

ထားဝယ်မြို့နယ်

တောင်ပို့ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်


တောင်ပို့ကျေးရွာ
ဘုရားကြီး
ကျောင်း
ကျောင်း
ကျောင်း

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တောင်ပို့ကျေးရွာသည် သဗျာကျေးရွာအုပ်စုတွင် ပါဝင်ပြီး ထားဝယ်-မေတ္တာကားလမ်း ဘေးတွင် တည်ရှိပါသည်။ ကျေးရွာသည် အုပ်ချုပ်ရေးရုံးစိုက်ရာ ထားဝယ်မြို့နှင့် သွားလာရ လွယ်ကူပါသည်။ ထားဝယ်မြို့နှင့် (၄) မိုင်ခန့်ကွာဝေးပြီး သွားလာရလွယ်ကူပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

တောင်ပို့ကျေးရွာသည် ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ ၈၀ မှ ၁၀၀ ဝန်းကျင် တွင်ရှိပြီး မြေပြန့်ပိုင်းတွင် တည်ရှိပါသည်။

သဘာဝအရင်းအမြစ်များ အနေဖြင့် အလိုအလျောက် ပေါက်ရောက်နေသော ဆေးဘက် ဝင်အပင်များ အနည်းငယ်ထွက်ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

တောင်ပို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကူညီရန် ကိုယ်ထူကိုယ်ထအဖွဲ့ တစ်ဖွဲ့ရှိပြီး ထိုအဖွဲ့များသည် ကျေးရွာအတွင်း လိုအပ်သော လူမှုရေးနှင့်ဘာသာရေး ကိစ္စရပ် များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။

ကျန်းမာရေးအတွက် ဆောင်ရွက်ပေးနေသော ပြင်ပအဖွဲ့အစည်း (World Vision) အဖွဲ့တစ်ဖွဲ့သာရှိပြီး ထိုအဖွဲ့သည် ကျေးရွာအတွင်း လိုအပ်သော ကျန်းမာရေးအခြေအနေ များကို စစ်ဆေးခြင်းများပြုလုပ်ပေးပြီး လိုအပ်သော ဆေးဝါးများကိုလည်း ထောက်ပံ့ပေး ပါသည်။

၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

တောင်ပို့ကျေးရွာရှိ စိုက်ပျိုးရေးတွင် လယ်နှင့် ဥယျာဉ်ခြံကိုသာ အဓိကစိုက်ပျိုးကြပါသည်။ မိုးရာသီတွင် လယ်မြေများ၌ ရေကြီးရေလျှံမှုများ ဖြစ်သောကြောင့် နွေစပါးကိုသာ စိုက်ပျိုးကြပြီး စိုက်ပျိုးရေး မြေဆီလွှာများမှာ ယခင်ကထက် အရည်အသွေးညံ့ဖျင်းလာသောကြောင့် သီးနှံထွက်နှုန်းများ နည်းပါးလာသည်ကို တွေ့ရှိရပါသည်။

လယ်မြေပိုင်ဆိုင်သော တောင်သူလယ်သမားအိမ်ထောင်စုသည် စုစုပေါင်း၏ (၇၀) ရာခိုင်နှုန်းခန့်သာ စပါးစိုက်ပျိုးကြသော်လည်း ဝမ်းစာဖူလုံရန်အတွက် အနည်းငယ်သာ လုံလောက်မှုရှိပါသည်။ လယ်ယာပိုင်ဆိုင်မှုရှိကြသော်လည်း စပါးစိုက်ပျိုးမှုနည်းပြီး အခြားရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးကြသည်ကို တွေ့ရှိရပါသည်။

စိုက်ပျိုးရေးအတွက် ဆည်ရေရရှိမှု ရှိသော်လည်း နွေစပါးစိုက်ပျိုးရန်အတွက် ရေလုံလောက်မှု မရှိသဖြင့် မိုးရေနှင့် ချောင်းရေကိုသာ အဓိကထားစိုက်ပျိုးနေကြရပါသည်။

အဓိကစိုက်ပျိုးသီးနှံများမှာ မုန်လာဥ၊ စိမ်းစားဥနှင့် သခွားသီးတို့ဖြစ်ပါသည်။ လယ်မြေရေရှည်တွင် စပါးကိုတစ်နှစ်လျှင် တစ်သီးစား စိုက်ပျိုးကြပြီး စပါးကို လယ်ယာမြေအားလုံးတွင် မစိုက်ပျိုးကြပါ။ ဝမ်းစာဖူလုံရေးအတွက်မျှသာ စိုက်ပျိုးကြပြီး လယ်ယာမြေများတွင် ရာသီပေါ်သီးနှံများကိုသာ အဓိကထားစိုက်ပျိုးကြသည်။ နှစ်ရှည်သီးနှံဖြစ်သော ရာဘာကိုလည်း စိုက်ပျိုးကြသည်ကို တွေ့ရှိရပါသည်။

တောင်သူများအားလုံးနီးပါး လယ်ယာသုံးလုပ်ငန်းများအတွက် စက်ကိရိယာများကို သုံးစွဲကြပြီး ကျေးရွာတွင် လက်တွန်းထွန်စက်တစ်ခုသာ ရှိသောကြောင့် ကျန်တောင်သူများမှာ ငှားရမ်းသုံးစွဲနေကြရပါသည်။ မြက်ရိတ်စက်မှာ အသင့်ရှိနေပြီး ကိုယ်ပိုင်စိုက်ပျိုးမြေများအတွက်နှင့် နေ့စားလုပ်သားများအတွက် တောရှင်းရန် အသုံးပြုကြ ပါသည်။

တောင်သူများမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသော်လည်း စပါးစိုက်ပျိုးရန်အတွက်သာ ထုတ်ချေးပေးပြီး ရာသီပေါ်သီးနှံများစိုက်ပျိုးရန်အတွက် ထုတ်ချေးပေးခြင်းမရှိပါ။ သီးနှံများအတွက် ဖျက်ပိုးနှင့် ရောဂါများထိန်းချုပ်ရန် လိုအပ်နေဆဲပင်ဖြစ်သည်။ ထို့ကြောင့် ချေးငွေများထုတ်ချေးပေးမည်ဆိုပါက ကာလရှည်ထုတ်ချေးပေးခြင်းအားဖြင့် စိုက်ပျိုးရေးအတွက် ပိုမိုအဆင်ပြေလာနိုင်မည် ဖြစ်သည်ကို တွေ့ရှိရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

တောင်ပို့ကျေးရွာတွင် နွား၊ ကျွဲ၊ ဝက်၊ ကြက်နှင့်ဘဲ စသည်တို့ကိုသာ တစ်ပိုင်တစ်နိုင် မွေးမြူကြပြီး မွေး/ကု ဦးစီးဌာန၏ ချေးငွေဖြင့်လည်း မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

မျိုးတိရစ္ဆာန်လက်လှမ်းမီမှုရှိခြင်း၊ သွင်းအားစု ဈေးကွက်များ လက်လှမ်းမီမှုရှိခြင်းနှင့် အိမ်ခြံဝင်းအတွင်းမြေနေရာ လုံလောက်မှုရှိခြင်းတို့သည် မွေးမြူရေးကဏ္ဍတိုးတက်စေရန် အတွက် အခွင့်အလမ်းများပင်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းတိုးတက်စေရန်အတွက် ချေးငွေလုံလောက်စွာ ရရှိရန်နှင့် နည်းပညာအကူအညီများ လိုအပ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

တောင်ပို့ကျေးရွာအတွင်း အခြားဝင်ငွေရလုပ်ငန်းများတွင် ကိုယ်ပိုင်လုပ်ကိုင်သည့် အိမ်ထောင်စုအရေအတွက် နည်းပါးပြီး၊ အလုပ်သမားဝန်ထမ်း အနေဖြင့် ပိုမိုများပြားပါသည်။ ထိုအလုပ်သမားများသည် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေရပါသည်။

အသက်မွေးဝမ်းကြောင်း နည်းပညာသင်တန်းများကို ရွာသူရွာသားများမှ စိတ်ဝင်စားမှုရှိကြပါသည်။ အလုပ်အကိုင်ပံ့မှန်မရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာချိတ်ဆက်မှု အားနည်းခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများလက်လှမ်းမီမှု အားနည်းခြင်း၊ မိရိုးဖလာကျပန်းအလုပ်ကိုသာ အာရုံစိုက်၍လုပ်ကိုင်ကြခြင်း၊ ချေးငွေရရှိရန်ခက်ခဲခြင်း စသည်တို့ကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများဖြစ်နေပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်ပို့ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ လယ်သမားများကို ထုတ်ချေးပေးသော ချေးငွေရှိပြီး တစ်ဧကလျှင် တစ်သိန်းခွဲကျပ်နှုန်းဖြင့် ထုတ်ချေးပေးသော်လည်း လုံလောက်မှုမရှိပါ။ မွေး/ကု ဦးစီးဌာနမှ မွေးမြူရေးအတွက် ထုတ်ချေးပေးသော ချေးငွေလည်းရှိပါသည်။ စိုက်ပျိုးရေးချေးငွေကို ပြန်လည်ပေးဆပ်ရန်အချိန်ကျရောက်လာပါက စိတ်ကြိုက်ဈေးနှုန်းမရရှိဘဲ ဝယ်ယူသူများ၏ သတ်မှတ်ဈေးနှုန်းဖြင့်သာ ရောင်းချနေကြရပါသည်။ ထိုကြောင့်

မည်သည်လုပ်ငန်းအတွက်မဆို အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိလျှင် စီးပွားရေးအတွက် ပိုမိုအဆင်ပြေလာနိုင်မည်ဖြစ်သည်ကို တွေ့ရှိရပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

တောင်ပို့ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကိုသာ အဓိကထားအသုံးပြုကြသည်ကို တွေ့ရှိရပါသည်။

ကျေးရွာအတွင်းရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်၍ မိုးရာသီတွင် ဗွက်အိုင်များ ဖြစ်နေပြီး သွားလာရခက်ခဲနေသောကြောင့် တစ်ဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ရန် လိုအပ်ပါသည်။ ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်သောကြောင့် တစ်နှစ်ပတ်လုံး လွယ်ကူစွာ သွားလာနိုင်သည်ကို တွေ့ရှိရပါသည်။ ကျေးရွာရှိ တံတားတည်ရှိမှုမှာ ကောင်းမွန်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

တောင်ပို့ကျေးရွာတွင် လျှပ်စစ်မီး ရရှိမှုမှာ DDPC မှဖြန့်ဖြူးပေးသော လျှပ်စစ်မီးကို (၁)ယူနစ် (၃၀၀)ကျပ် နှုန်းဖြင့် အသုံးပြုနေကြရပြီး မီးလာတဲ့ချိန်ထက် မီးပျက်ချိန်က ပိုမိုများပြားနေပါသည်။ ထို့ကြောင့် မီတာခလျော့ချပေးရန်နှင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် လိုအပ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

တောင်ပို့ကျေးရွာတွင် ဆက်သွယ်ရေးနှင့်ပတ်သက်သော ဖုန်းလိုင်းများ အသင့်အတင့် ကောင်းမွန်ပါသည်။

၆။ ပညာရေး

မူလတန်းပညာပြီးဆုံးသူဦးရေများနေခြင်းမှာ စားဝတ်နေရေးမပြေလည်ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ (၅)မိုင်ခန့် ဝေးသော ထားဝယ်မြို့တွင်သာ အလယ်တန်းနှင့် အထက်တန်း ရှိသောကြောင့် မူလတန်းကျောင်းတက်နှုန်း များနေရခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။

မူလတန်းကျောင်းတွင် ကျောင်းသား (၁၇)ဦးရှိပါသည်။ အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသောမိသားစုအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့်ရနေပါသည်။ ကုန်ကျစရိတ်သက်သာသော ကလေးအားကစားကွင်း တစ်ခု လည်း လိုအပ်နေပါသည်။

၁၉၉၇ ခုနှစ်က ဆောက်လုပ်ခဲ့သော အခြေခံပညာမူလတန်းကျောင်းမှာ (၆၀)ပေ၊ (၃၀)ပေ၊ (၈)ပေ ရှိသော R.C တစ်ထပ်ဆောင်ဖြစ်ပြီး အရည်အသွေးကောင်းမွန်မှု ရှိပါသည်။ ကျောင်း၌ရေတွင်း ရှိသော်လည်း မကောင်းသဖြင့် ကျောင်းသားကျောင်းသူများအတွက် သောက်သုံးရေကို သောက်ရေသန့် ဝယ်ယူသောက်သုံးရပါသည်။ ကျောင်းတွင် အခန်းများ ခွဲထားခြင်း မရှိဘဲ ဟောခန်းပုံစံဖြစ်နေပါသည်။ (၂) ခန်းတွဲအိမ်သာတစ်လုံးရှိပြီး ဆရာသုံး(၁) လုံး၊ ကျောင်းသား/ကျောင်းသူ (၁)လုံး သုံးစွဲပါသည်။ ဗီရို (၁) လုံးနှင့် ကျောင်းသုံး ပရိဘောဂ ပစ္စည်းများ လိုအပ်နေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာအတွင်းရှိ သက်ကြီးပိုင်းများတွင် တီဘီရောဂါ၊ သွေးတိုးနှင့် ဆီးချိုရောဂါ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ အရေးကြီးကျန်းမာရေးကိစ္စရပ်များတွင် ထားဝယ်ဆေးရုံကြီးသို့ သွားရောက်၍ ကုသကြပါသည်။

ဆုံဆို့ ၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ၊ မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)၊ အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှု၊ အာဟာရမှတ်တမ်းယူမှု ကာကွယ် ဆေးထိုးခြင်းများ မကြခဏ လာရောက်ထိုးနှံပေးပါသည်။ အာဟာရပညာပေး အစီအစဉ်များ လည်း လိုအပ်ပါသည်။

အိမ်ဝိုင်းအတွင်း ရေတွင်းများရှိကြပြီး အမိုး၊ ကွန်ကရစ်ခွေချထားသော ရေတွင်းများ ရှိသလို အမိုး၊ ကွန်ကရစ်ခွေမရှိသော ရေတွင်းများလည်း ရှိပါသည်။ ရေတွင်းရေသည် နွေ၊ မိုးနှင့် ဆောင်း တစ်နှစ်ပတ်လုံးမလုံလောက်သော နှစ်များလည်း ရှိပါသည်။

ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ (၃၉) အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာသုံးစွဲရာတွင် ကုန်ကျစရိတ်များပြားမှုကြောင့် မဆောက်လုပ်နိုင်ကြဘဲ ကျင်း အိမ်သာ၊ မြေပေါ်အိမ်သာနှင့် တောထိုင်များကို အသုံးပြုကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ် ပေးရန်လိုအပ်ပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများမရှိပါ။ သို့သော်လည်း အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု (၃) စုရှိသည်ကို တွေ့ရှိရပါသည်။

ဆင်းရဲသော တောင်သူများအဖို့ မိုးရာသီအလုပ်အကိုင်ရှားပါးချိန်များတွင် စားနပ်ရိက္ခာဖူလုံရန်အတွက် အခက်အခဲများရှိပါသည်။ တောမီးလောင်မှုများ တစ်ခါတစ်ရံဖြစ်ပွားမှုရှိသော်လည်း ထိခိုက်မှုမရှိပါ။ ရေကြီးခြင်းမှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသောကြောင့် လယ်မြေများ ရေလွှမ်းမိုးခြင်းခံရပြီး ဆုံးရှုံးမှုများရှိသည်ကို တွေ့ရှိရပါသည်။

မျိုးတိရစ္ဆာန်လက်လှမ်းမီမှုရှိခြင်း၊ သွင်းအားစုစျေးကွက်များ လက်လှမ်းမီမှုရှိခြင်းနှင့် အိမ်ခြံဝင်းအတွင်းမြေနေရာ လုံလောက်မှုရှိခြင်းတို့သည် မွေးမြူရေးကဏ္ဍတိုးတက်စေရန် အတွက် အခွင့်အလမ်းများပင် ဖြစ်သည်။

စျေးကြီး၍ ရှားပါးသော နွားချေးမြေဩဇာကို စိုက်ပျိုးမြေများတွင် ပြန်လည်ဖြည့်တင်းမှုမရှိသည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ တစ်နှစ်ကို စပါးတစ်သီးသာ စိုက်ပျိုးကြပြီး ရာသီပေါ်စိုက်ပျိုးသီးနှံများနှင့် စပါးများအတွက် ပိုးမွှားရောဂါကာကွယ်နှိမ်နှင်းနိုင်သည့် နည်းလမ်းများသိရှိရန် လိုအပ်နေဆဲပင်ဖြစ်သည်။ စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းများပြုလုပ်ကြပြီး တချို့မှာ တွင်းတူး၍ မြှုပ်ကြသည်ကို တွေ့ရှိရပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှုအားနည်းနေပြီး သာရေးနာရေးနှင့် အလှူမဂ်လာပွဲများတွင် ပါဝင်မှုပိုမိုအားကောင်းပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှုအားနည်းနေပြီး ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးရန်လိုအပ်ပါသည်။

လယ်ယာလုပ်ငန်းခွင်နှင့် ဆောက်လုပ်ရေး ၊လက်သမား/ပန်းရံလုပ်ငန်းများတွင်သာ နေ့စားအလုပ်သမားပေါများပြီး ကျား-မ လုပ်အားခ ရရှိမှု မတူညီကြကြောင်း တွေ့ရှိရပါသည်။

ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင် လျှင် (၅) ဦးနှုန်းရှိနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသား

အရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - သဗျာ			ကျေးရွာအမည် -တောင်ပို့	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ တံတား	ရွာတွင်လမ်းကွန်ကရစ်လမ်းခင်းခြင်း၊	
၂	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ခြင်း	
၃	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ တံတား	တံတား(၁)စင်းတည်ဆောက်ခြင်း	
၄	အခြေခံအဆောက်အဦ	ရေပေးရေး	အဝီစိတွင်း(၂)တွင်းတူးဖော်ခြင်း၊ရေကန်တည်ဆောက်ခြင်း	
၅	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ တံတား	ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်း	

နောက်ဆက်တွဲ (၁)

တောင်ပို့ကျေးရွာ၊ သဗျာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှရိန်	ဦးထူးလင်	ဖ/ထဝန (နိုင်) ၀၄၂၇၈၅		ဥက္ကဋ္ဌ	
၂	ဦးစိုးလွင်	ဦးစော	ဖ/ထဝန (နိုင်) ၀၄၂၈၅၅		အတွင်းရေးမှူး	
၃	ဦးထွန်းသန်း	ဦးမောင်စီ	ဖ/ထဝန (နိုင်) ၀၄၂၉၉၃		ဘဏ္ဍာရေးမှူး	
၄	ဦးသန့်ဇင်ဌေး	ဦးသိန်းလွင်	ဖ/ထဝန (နိုင်) ၀၇၅၃၄၁		အဖွဲ့ဝင်	
၅	ဦးကြည်စိုး	ဦးထူးလှ	ဖ/ထဝန (နိုင်) ၀၄၂၈၁၁		အဖွဲ့ဝင်	
၆	ဦးဉာဏ်ဝင်း	ဦးတင်ညွန့်	ဖ/ထဝန (နိုင်) ၀၄၂၉၂၈		စာရင်းကိုင်	
၇	ဦးသန်းစိန်	ဦးရွှေ	ဖ/ထဝန (နိုင်) ၀၄၂၈၄၉		အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	1	-	1
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	5	9	14
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	5	7	12
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	7	7	14
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	89	105	194
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	13	19	32
စုစုပေါင်း		**120**	**147**	**267**
စုစုပေါင်း အိမ်ထောင်စု		**60**		

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာတွင် အိမ်ထောင်စု (၆၀) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၂၆၇) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၄၅) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၇၃% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၂၇% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၄၅) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင် လျှင် (၅) ဦးနှုန်းရှိနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြား မှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) **လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	27	42	13	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	1	2		မြင့် ☐ လတ်☐ နိမ့် ☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	1	1	1	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေနဲ့ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	1	2	1	မြင့် ☐ လတ်☐ နိမ့် ☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်္ဂါနီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	2	2	1	မြင့် ☐ လတ်☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	4	6	2	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	1	1		မြင့် ☐ လတ်☐ နိမ့် ☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	2	2		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			1	မြင့် ☐ လတ်☐ နိမ့် ☑
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			1	မြင့် ☐ လတ်☐ နိမ့် ☑
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			7	မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			5	မြင့် ☐ လတ်☐ နိမ့် ☑
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း /	21	42	20	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း			1	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	60	100	53	☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း (လယ်၊ ရာသီပေါ်ဟင်းသီးဟင်းရွက်၊ ဥယျာဉ်ခြံလုပ်ငန်း) တွင် လုပ်ကိုင်ကြသူမှာ (၂၈) အိမ်ထောင်စုရှိပြီး၊ အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းတွင် လုပ်ကိုင်သူ (၂၁) အိမ်ထောင်စု ရှိပါသည်။ ပန်းရံလုပ်ကိုင်သူ (၁) အိမ်ထောင်စု၊ လက်လီလက်ကား အရောင်းအဝယ်လုပ်ကိုင်သူ (၅) အိမ်ထောင်စု၊ မွေးမြူရေး လုပ်ကိုင်သော အိမ်ထောင်စု (၁)စု၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု (၂) စုနှင့် ပို့ဆောင်ဆက်သွယ်ရေး လုပ်ကိုင်သော အိမ်ထောင်စု (၂) စုရှိပါသည်။ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများလည်း ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	5000	4000	3500	3000
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	7000	5000	5000	4000
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာတွင် အများအားဖြင့် လယ်ယာလုပ်ငန်းခွင်နှင့် ဆောက်လုပ်ရေး ၊ လက်သမား ပန်းရံလုပ်ငန်းများတွင်သာ နေ့စားအလုပ်သမားပေါများပြီး ကျား-မ လုပ်အားခ ရရှိမှု မတူညီကြကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) **ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	143	ကောင်း ☐	သင့်☐	ညံ့ ☑
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	128	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
စုစုပေါင်း		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာရှိ စိုက်ပျိုးရေးတွင် လယ်နှင့် ဥယျာဉ်ခြံကိုသာ အဓိကစိုက်ပျိုးကြပါသည်။ မိုးရာသီတွင် လယ်မြေများ၌ ရေကြီးရေလျှံမှုများ ဖြစ်သောကြောင့် နွေစပါးကိုသာ စိုက်ပျိုးကြပြီး စိုက်ပျိုးရေး မြေဆီလွှာများမှာ ယခင်ကထက် အရည်အသွေးညံ့ဖျင်း လာသောကြောင့် သီးနှံထွက်နှုန်းများ နည်းပါးလာသည်ကို တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ ယခင်ကထက် သစ်တောများပြုန်းတီးလာသောကြောင့် သဘာဝတိရစ္ဆာန်မျိုးစိတ် များလည်း မရှိသလောက် ရှားပါးလာပြီး သဘာဝအပင်မျိုးစိတ်များကဲ့သို့သော ဆေးဘက်ဝင်အပင် များမှာလည်း အနည်းအကျဉ်းသာ တွေ့ရှိလာရသည်ကို တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	7	20	23	10

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာ၏ အခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ သိရှိရပါသည်။ အများအားဖြင့် အလယ်အလတ် ရှိသော အိမ်ထောင်စုနှင့် ဆင်းရဲသော အိမ်ထောင်စုများ ဖြစ်ကြပြီး ကျေးရွာရှိ အိမ်ထောင်စုများ၏ (၇၂) ရာခိုင်နှုန်းခန့်ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများမှာ လယ်ယာမြေ ပိုင်ဆိုင်မှုမရှိကြဘဲ ဝင်ငွေနည်းပါးကြသည်ကို တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	3	အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____3_____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	7	အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____7_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာရှိ ဥစ္စာခနေအဆင့် ၃နှင့် ၄ အိမ်ထောင်စုပေါင်း၏ (၃၀) ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု စုစုပေါင်း၏ (၃၀) ရာခိုင်နှုန်း၏ (၃၀) ရာခိုင်နှုန်းမှာ (၃လ မှ ၆လအောက်) ထမင်းပုံမှန်/ နပ်မှန်အောင် ချေးငှားစားသုံးရပြီး၊ (၇၀) ရာခိုင်နှုန်းမှာ (၆လ မှ ၁၂လအထိ) ဝမ်းစာဖူလုံမှုရှိပြီး၊ ဝမ်းစာဖူလုံရန်အတွက် ဆွေမျိုးမိတ်ဆွေများ၏ အထောက်အပံ့နှင့် ချေးငှားစားသုံးရပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	3		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိပါ။ သို့သော်လည်း အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု (၃) စုရှိသည်ကို တွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာတွင် ဆင်းရဲသော တောင်သူများအဖို့ မိုးရာသီအလုပ်အကိုင်ရှားပါးချိန်များတွင် စားနပ်ရိက္ခာဖူလုံရန်အတွက် အခက်အခဲများ ရှိပါသည်။ တောမီးလောင်မှုများ တစ်ခါတစ်ရံဖြစ်ပွားမှုရှိသော်လည်း ထိခိုက်မှုမရှိပါ။ ရေကြီးခြင်းမှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသောကြောင့် လယ်မြေများရေလွှမ်းမိုးခြင်းခံရပြီး ဆုံးရှုံးမှုများ ရှိသည်ကို တွေ့ရှိရပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာတွင် ပြဿနာတစ်ခုခုကြုံလာပါက စုပေါင်းဖြေရှင်းတတ်သော အလေ့အထရှိသောကြောင့် ဆိုးဆိုးရွားရွားထိခိုက်မှုမရှိပါ။ သို့သော်လည်း အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသောအိမ်ထောင်စုများနှင့် မြေယာမဲ့ဆင်းရဲသား တောင်သူ များအဖို့ ထိခိုက်မှုအနည်းငယ်ရှိသည်ကို တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကိုယ်ထူကိုယ်ထအဖွဲ့	၁☐ ၂☑ ၃☐	၆		၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☑
၂		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၃		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကူညီရန် ကိုယ်ထူကိုယ်ထအဖွဲ့တစ်ဖွဲ့ရှိပြီး ထိုအဖွဲ့များသည် ကျေးရွာအတွင်း လိုအပ်သော လူမှုရေးနှင့် ဘာသာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	World Vision	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊**

Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (**ပြည်တွင်း/ပြည်ပ**) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (**ပြည်တွင်း/ ပြည်ပ**)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (**ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်**) **တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာတွင် ကျန်းမာရေးအတွက် ဆောင်ရွက်ပေးနေသော ပြင်ပအဖွဲ့အစည်း (World Vision) အဖွဲ့တစ်ဖွဲ့သာရှိပြီး ထိုအဖွဲ့သည် ကျေးရွာအတွင်း လိုအပ်သော ကျန်းမာရေးအခြေအနေများကို စစ်ဆေးခြင်းများ ပြုလုပ်ပေးပြီး လိုအပ်သော ဆေးဝါးများကိုလည်း ထောက်ပံ့ပေးပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၈	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၉	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၃	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၅	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၆၀	☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာရှိ လယ်မြေပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုသည် စုစုပေါင်း၏ (၇၀) ရာခိုင်နှုန်းခန့်သာ စပါးစိုက်ပျိုးကြသော်လည်း ဝမ်းစာဖူလုံရန်

အတွက် အနည်းငယ်သာ လုံလောက်မှုရှိပါသည်။ လယ်ယာပိုင်ဆိုင်မှုရှိကြသော်လည်း စပါးစိုက်ပျိုးမှု နည်းပြီး အခြား ရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးကြသည်ကို တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	✓	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်✓ မဖြေဆိုပါ□	ရှိ□ မရှိ✓ မဖြေဆိုပါ □
၂	ရေလွဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ဆည်ရေရရှိမှု ရှိသော်လည်း နွေစပါးစိုက်ပျိုးရန်အတွက် ရေလုံလောက်မှုမရှိသဖြင့် မိုးရေနှင့် ချောင်းရေကိုသာ အဓိကထား စိုက်ပျိုးနေကြရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မုန်လာဥ	၁၀	ဝိဿာ				အောက်တို	ဇန်နဝါရီ	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑ နိမ့်□
စိမ်းစားဥ	၇	ဝိဿာ				အောက်တို	ဇန်နဝါရီ	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑နိမ့်□
သခွားသီး	၅	လုံး				အောက်တို	ဇန်နဝါရီ	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑နိမ့်□
ရာဘာ		ပေါင်	၃	၅	၈	နိုဝင်ဘာ	မေ	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်□ နိမ့်☑
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံများမှာ မုန်လာဥ၊ စိမ်းစားဥနှင့် သခွားသီးတို့ဖြစ်ပါသည်။ လယ်မြေဧရိယာတွင် စပါးကိုတစ်နှစ်လျှင် တစ်သီးစား စိုက်ပျိုးကြပြီး စပါးကို လယ်ယာမြေအားလုံးတွင် မစိုက်ပျိုးကြပါ။ ဝမ်းစာဖူလုံရေးအတွက်မျှသာ စိုက်ပျိုးကြပြီး လယ်ယာမြေများတွင် ရာသီပေါ်သီးနှံများကိုသာ အဓိကထားစိုက်ပျိုးကြသည်။ နှစ်ရှည်သီးနှံဖြစ်သော ရာဘာကိုလည်း စိုက်ပျိုးကြသည်ကို တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၁			၆
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				၆
ရေစုပ်စက်	၁၂			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁၈			

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာရှိ တောင်သူများအားလုံးနီးပါး လယ်ယာသုံး လုပ်ငန်းများအတွက် စက်ကိရိယာများကို သုံးစွဲကြပြီး ကျေးရွာတွင် လက်တွန်းထွန်စက်တစ်ခုသာ ရှိသောကြောင့် ကျန်တောင်သူများမှာ ငှားရမ်းသုံးစွဲနေကြရပါသည်။ မြက်ရိတ်စက်မှာ အသင့်ရှိနေပြီး ကိုယ်ပိုင်စိုက်ပျိုးမြေများအတွက်နှင့် နေ့စားလုပ်သားများအတွက် တောရှင်းရန် အသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) **သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☑**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐** **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐**
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐** **သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐**

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာတွင် မိုးစပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြပါသည်။ နွေစပါးစိုက်ပျိုးရန်အတွက် ချောင်းရေနှင့် ဆည်ရေများ လုံလောက်စွာမရရှိပါ။ ကျေးရွာတွင် စပါးစိုက်ပျိုးခြင်းကို အလေးပေးမစိုက်ပျိုးကြခြင်းမှာ အကုန်အကျများပြီး အမြတ်ရရှိမှုနည်းပါးသောကြောင့် ဝမ်းရေးအတွက် အနည်းငယ်သာ စိုက်ပျိုးကြပါသည်။ စပါးအစား ဟင်းသီးဟင်းရွက် (ရာသီပေါ်) သီးနှံများကိုလည်း စိုက်ပျိုးကြသည်ကို တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☑ ရာသီဥတုမမှန်☐ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑** **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐**
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑ အနည်းငယ် ☐ မဖြေဆိုပါ ☐**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာရှိ တောင်သူများမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသော်လည်း စပါးစိုက်ပျိုးရန်အတွက် သာထုတ်ချေးပေးပြီး ရာသီပေါ်သီးနှံများစိုက်ပျိုးရန်အတွက် ထုတ်ချေးပေးခြင်းမရှိပါ။ သီးနှံများအတွက် ဖျက်ပိုးနှင့်ရောဂါများ ထိန်းချုပ်ရန် လိုအပ်နေဆဲပင်ဖြစ်သည်။ ထို့ကြောင့် ချေးငွေများ ထုတ်ချေးပေးမည်ဆိုပါက ကာလရှည်ထုတ်ချေးပေးခြင်းအားဖြင့် စိုက်ပျိုးရေးအတွက် ပိုမိုအဆင်ပြေလာနိုင်မည် ဖြစ်သည်ကို တွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၉	၃၃
နို့စားနွား		
ကျွဲ	၁	၁
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၃	၁၀
ကြက်	၁၂	၁၀၇
ဘဲ	၁	၂၀၀
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပို့ကျေးရွာတွင် နွား၊ ကျွဲ၊ ဝက်၊ ကြက်နှင့်ဘဲ စသည်တို့ကိုသာ တစ်ပိုင်တစ်နိုင် မွေးမြူကြပြီး မွေး/ကု ဦးစီးဌာန၏ ချေးငွေဖြင့်လည်း မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	**ပေါများ** ☐ **အသင့်အတင့်**☐ **မဖြေဆိုပါ** ☑
ရေရရှိမှု	**အလုံအလောက်ရနိုင်**☐ **အသင့်အတင့်ရနိုင်**☑ **မဖြေဆိုပါ** ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	**မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင်** ☐ **မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်**☑ **မဖြေဆိုပါ**☐
ချေးငွေ	**ချေးငွေလွယ်ကူစွာရနိုင်**☐ **ချေးငွေ အသင့်အတင့်ရနိုင်**☑ **မဖြေဆိုပါ**☐
သွင်းအားစု (**မွေးမြူရေး အစာ၊ဆေးစသည်**)ဈေးကွက်	**သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည်** ☐ **သွင်းအားစုများ ဝယ်ယူနိုင်သည်** ☑ **မဖြေဆိုပါ** ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	**နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။** ☐ **နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။** ☑ **မဖြေဆိုပါ** ☐
ထုတ်ကုန် ရောင်းဝယ်မှု	**ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်** ☐ **ထုတ်ကုန်များကို ရောင်းချနိုင်သည်** ☑ **မဖြေဆိုပါ** ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	**အလုံအလောက်ရှိသည်**☐ **အသင့်အတင့်ရှိသည်**☑ **မဖြေဆိုပါ** ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	**အလွန်ကောင်း** ☐ **ကောင်း** ☐ **သင့်တင့်မျှတ** ☐ **မဖြေဆိုပါ** ☐
